## သာမန်မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံး/ပျက်စီး၍ အသစ်လျှောက်ထားလိုခြင်းကိစ္စ

(၁) သံရုံးဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော မနလပျောက်ဆုံး/ပျက်စီး၍ အသစ်လျှောက်ထားသည့် လျှောက်လွှာအား ပြည့်စုံစွာ ဖြည့်စွက်တင်ပြရန် ဖြစ်ပါသည်။

(၂) ကိုယ်ရေးရာဇဝင်များနှင့် ရောင်စုံဓါတ်ပုံ(၁)ပုံစီ (ဓါတ်ပုံမှာ- ၃၅ x ၄၅ mm အရွယ်အစား၊ ရောင်စုံဓါတ်ပုံ-နောက်ခံအဖြူ၊ နားရွက်ပေါ်၍ မျက်နှာတွင် ဆံပင်ဖုံးအုပ်ခြင်း မရှိစေရပါ။ မျက်မှန် တပ်ဆင်ထားခြင်းမရှိရပါ။ (၂) လအတွင်း ရိုက်ကူးထားသော ဓါတ်ပုံဖြစ်ရပါမည်။)

(၃) မနလမိတ္တူ(၁)စုံ တင်ပြရန် ဖြစ်ပါသည်။ (မနလ၏ ဓါတ်ပုံနှင့် အချက်အလက်များ ပါရှိသော ရှေ့စာမျက်နှာ အပါအဝင် အသုံးပြုပြီးသော စာမျက်နှာအားလုံး)

(၄) Resident card မိတ္တူ(၁)စုံ တင်ပြရန် ဖြစ်ပါသည်။

(၅) မနလပျောက်ဆုံးကြောင်း ဂျပန်နိုင်ငံရှိ သက်ဆိုင်ရာရဲစခန်းသို့ တိုင်ကြားထားသည့် အထောက်အထားမှုရင်း ရဲစခန်းသို့ တင်ပြရန် ဖြစ်ပါသည်။

(၆) ကာယကံရှင်မှမနလပျောက်ဆုံးသွားရသည့် အကြောင်းအရင်းအား ပြည့်စုံစွာရေးသား တင်ပြရန် ဖြစ်ပါသည်။

(၇) မြန်မာနိုင်ငံသား စိစစ်ရေးကတ်ပြား မိတ္တူတင်ပြရန် ဖြစ်ပါသည်။

(၈) မြန်မာနိုင်ငံရှိ အိမ်ထောင်စုစာရင်းမိတ္တူတင်ပြရန် ဖြစ်ပါသည်။

(၉) လျှောက်ထားသူသည် အလုပ်လုပ်ကိုင်သူဖြစ်ပါက-

(က) လျှောက်ထားသူနောက်ဆုံး ပေးဆောင်ထားခဲ့သည့် ဝင်ငွေခွန် ပြေစာမိတ္တူ တင်ပြရပါမည်။

(ခ) ဝင်ငွေခွန် အပြည့် မပေးဆောင်ရသေးပါက နောက်ဆုံး ပေးဆောင်ခဲ့သည့် အခွန်ပြေစာနှင့် လျှောက်ထားသူ အလုပ်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းခွင်မှ ဝင်ငွေရရှိကြောင်း အထောက်အထားပါရှိသည့် အလုပ်ထောက်ခံစာတို့ကို တင်ပြရန် ဖြစ်ပါသည်။

(၉) ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး အလုပ်မလုပ်ကိုင်မီ ဂျပန်နိုင်ငံတွင် ကျောင်းတက်ခဲ့ဖူးသူ ဖြစ်ပါက ကျောင်းတက်ခဲ့သည့်ကာလကို ကျောင်းထောက်ခံစာ/ ဘွဲ့လက်မှတ် မိတ္တူ တင်ပြရန် ဖြစ်ပါသည်။

(၁၀) လျှောက်ထားသူသည် မြန်မာနိုင်ငံသားအပေါ် မှီခိုသူဖြစ်ပါက သံရုံးမှထုတ်ပေးထားသော မှီခိုသူအဖြစ် အသိအမှတ်ပြုထားသည့် ထောက်ခံစာမိတ္တူတင်ပြရန် ဖြစ်ပါသည်။ (၃၁-၁၂-၂၀၁၁ ရက်နေ့ မတိုင်မီ ထုတ်ပေးထားသော မနလကိုင်ဆောင်သူများသာ တင်ပြရန် ဖြစ်ပါသည်။)

(၁၁) လျှောက်ထားသူသည် နိုင်ငံခြားသားအပေါ် မှီခိုသူဖြစ်ပါက -

(က) သံရုံးမှ ထုတ်ပေးထားသော မှီခိုသူအဖြစ် အသိအမှတ်ပြုထားသည့် ထောက်ခံစာ မိတ္တူ

(ခ) အပြန်လေယာဉ်စရိတ် ပေးသွင်းထားသည့် ပြေစာမိတ္တူ

(၁၂) လျှောက်ထားသူသည် ဂျပန်နိုင်ငံတွင် ကျောင်းသားဖြစ်ပါက ကျောင်းသားဖြစ်ကြောင်း ထောက်ခံစာမူရင်း၊ ကျောင်းသားကတ်မိတ္တူ တင်ပြရန် ဖြစ်ပါသည်။

(၁၃) မနလလဲလှယ်ကြေးမှာ ယန်း ၆,၀၀၀/- ဖြစ်ပြီး၊ ပျောက်ဆုံး/ပျက်စီးဒါဏ်ကြေးမှာ ယန်း ၁၅,၀၀၀/- ဖြစ်ပါသည်။

(၁၄) သံရုံးမှလိုအပ်သည့်စိစစ်မှုများပြုလုပ်ပြီး လျှောက်ထားသူထံ ဆက်သွယ်အကြောင်းကြားသည့်အခါ ကျသင့်ငွေများအား Sumitomo Mitsui Bank Corporation (SMBC)၊ Gotanda Branch၊ Current Account #၄၀၃၅၀၀၈ ၊Myanmar Embassy, Tel: ၀၃-၃၄၄၁-၉၂၉၁ သို့ ပေးသွင်းရန် ဖြစ်ပါသည်။ ပေးသွင်းပြီးပါက ပေးသွင်းထားသည့် ဘဏ်ချလံ (မူရင်း) အား သံရုံးသို့ ပြန်လည်တင်ပြရန် ဖြစ်ပါသည်။

(၁၅) လိုအပ်ပါက သံရုံးမှ ထပ်မံ တောင်းခံမည့် အထောက်အထားများ တင်ပြရန် ဖြစ်ပါသည်။

မနလ - သာမန်မြန်မာနိုင်ငံကူးလက်မှတ်